# ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight နှင့်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် အသွားအလာကန့်သတ်မှုနှင့် ခေတ္တခွဲခြားစောင့်ကြည့်မှုစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ် (၁-၅-၂၀၂၂)

မှတ်ချက်။ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight များတွင်နိုင်ငံခြားသားခရီးသည်များအား လိုက်ပါ ခွင့်ပြုမည် မဟုတ်ပါ။

ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူများတွင် ဆောင်ရွက်မည့်အစီအစဉ်

၁။ မြန်မာနိုင်ငံသို့ မလာရောက်မီ လွန်ခဲ့သော(၁၄)ရက်ကျော်က ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် အောက်ပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးကြောင်း ကာကွယ်ဆေးထိုး အထောက်အထားလက်မှတ် ပြသနိုင်ရမည် -

- CoronaVac (Sinovac Biotech Ltd.);
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea)/Siam BioScience/ Serum Institute of India (SII));
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech);
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson);
- Moderna (ModernaTX, Inc.,);
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd);
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology);
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech; and
- Myancopharm by Ministry of Industry, Myanmar.
- Nuvaxovid (NVX-CoV2373) vaccine, Novavax Co.Ltd

[အသက် (၁၂) နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ သက်သေခံလက်မှတ်တွင် ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူအင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

၂။ မြန်မာနိုင်ငံသို့ဝင်ရောက်သည့် ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေးကြေညာချက် (Health Declaration card) အား သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံပြသရန်၊

၃။ သက်ဆိုင်ရာကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၄။ ကိုယ်အပူချိန် မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီးကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထား သည့် ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ရန်၊

၅။ သတ်မှတ်Quarantine Center (သို့မဟုတ်) သတ်မှတ် Hotel များတွင် အသွားအလာ ကန့်သတ်ခြင်း(၃)ရက်ဆောင်ရွက်ရန်၊

၆။ မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၂)ရက်မြောက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများ ထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ (သို့မဟုတ်) သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေး စောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။

MOFA | MMRS v1.0.0 | Printed By : ON 01/05/2022 09:53:47

ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများတွင် ဆောင်ရွက်မည့်အစီအစဉ်

၁။ မြန်မာနိုင်ငံသို့ဝင်ရောက်သည့်လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေး ကြေညာချက် **(Health Declaration card)** အား သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံ ပြသရန်၊

၂။ သက်ဆိုင်ရာ ကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၃။ ကိုယ်အပူချိန် မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သိသာသော လက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ရန်၊

၄။ သတ်မှတ် **Quarantine Center** (သို့မဟုတ်) သတ်မှတ် **Hotel** များ တွင် အသွားအလာကန့်သတ်ခြင်း(၅)ရက် ဆောင်ရွက်ရန်၊

၅။ မြန်မာနိုင်ငံသို့ရောက်ရှိပြီး(၁)ရက်မြောက်နေ့တွင် RDT ဖြင့်လည်းကောင်း၊ (၄) ရက်မြောက်နေ့တွင် RT-PCR နည်းဖြင့်လည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။

၆။ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ် ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ (သို့မဟုတ်) သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။

**Testing and Quarantine Requirements for Travelers to Myanmar by relief flight (1-5-2022)**

**Remarks: Foreigners will not be allowed to take relief flight to Myanmar**

Requirements for fully vaccinated travelers

1. Travelers who are fully vaccinated with one of the following vaccines approved by Ministry of Health for more than 14 days prior to departure and travelers must submit their vaccination card.
   - CoronaVac (Sinovac Biotech Ltd.);
   - AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea)/Siam BioScience/ Serum Institute of India (SII));
   - Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech);
   - Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson);
   - Moderna (ModernaTX, Inc.,);
   - Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd);
   - Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology);
   - Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology);
   - Covaxin by Bharat Biotech; and
   - Myancopharm by Ministry of Industry, Myanmar
   - Nuvaxovid (NVX-CoV2373) vaccine, Novavax Co.Ltd

   *(Children under 12 years old are exempted from this requirement, if they travel with fully vaccinated parent(s) or guardian(s). The country, name and date(s) of vaccination must be clearly stated in English and/or Myanmar, with the particulars of the travelers according to their passport.)*
2. Travelers must submit health declaration card to Health officials present at the airport upon arrival to Myanmar.
3. Thermal screening would be carried out in respect of all the passengers by the health officials present at the airport.

4. The travelers found to be symptomatic during screening shall be immediately isolated and taken to medical facility as per health protocol.
5. All travelers who are fully vaccinated will be subjected to 3-day facility quarantine or hotel quarantine on arrival.
6. All travelers will be tested for COVID-19 RT-PCR on Day 2 during their quarantine period.
7. Travelers who tested positive for COVID-19 shall be immediately isolated and taken to a medical facility/treatment center/hotel as per health protocol. Myanmar nationals shall bear the medical cost and other costs related to isolation and treatment in designated private hospitals and hotels.

Requirements for incomplete or non-vaccinated travellers

1. Travelers must submit health declaration card to Health officials present at the airport upon arrival to Myanmar.
2. Thermal screening would be carried out in respect of all the passengers by the health officials present at the airport.
3. The travelers found to be symptomatic during screening shall be immediately isolated and taken to medical facility as per health protocol.
4. All incoming Myanmar nationals will be subjected to 5-day facility quarantine or hotel quarantine on arrival.
5. All travelers will be tested for COVID-19 by RDT on Day 1 and RT-PCR on Day 4 during their quarantine period.
6. Travelers who tested positive for COVID-19 shall be immediately isolated and taken to a medical facility/treatment center/hotel as per health protocol. Myanmar nationals shall bear the medical cost and other costs related to isolation and treatment in designated private hospitals and hotels.

MOFA | MMRS v1.0.0 | Printed By : ON 01/05/2022 09:53:47